စျာန်အင်္ဂါ (၄)ပါးနှင့်တကွ ဖြစ်သော သောတာပတ္တိမဂ် ဒုတိယစျာန်စိတ် = ၁-ပါး

(၃) **ပီတိ၊ သုခ၊ ဧကဂ္ဂတာ**တည်းဟူသော
စျာန်အင်္ဂါ (၃)ပါးနှင့်တကွ ဖြစ်သော သောတာပတ္တိမဂ် တတိယစျာန်စိတ် = ၁-ပါး

(၄) **သုခ၊ ဧကဂ္ဂတာ**တည်းဟူသော
စျာန်အင်္ဂါ (၄)ပါးနှင့်တကွ ဖြစ်သော သောတာပတ္တိမဂ် စတုတ္ထစျာန်စိတ် = ၁-ပါး

(၅) **ဥပေက္ခာ၊ ဧကဂ္ဂတာ**တည်းဟူသော
စျာန်အင်္ဂါ (၂)ပါးနှင့်တကွ ဖြစ်သော သောတာပတ္တိမဂ် ပဉ္စမစျာန်စိတ် = ၁-ပါး

ပေါင်း သောတာပတ္တိမဂ်စိတ် = ၅-ပါး

**"စိတ်တစ်ခု ရုပ်ကိုးဆယ်"နှင့် "စိတ်တစ်ခုယုတ် ကိုးဆယ်"ဟူသော စကားနှစ်ရပ်တွင် မည်သည့် စကားရပ် မှန်ကန်ကြောင်း စိတ်အကျဉ်းသရုပ်ဖော်ထုတ် ရေတွက်လျက် အမှန် ရွေးချယ် ပေးရသော်-**

<u>စိတ်တို့သည် အကျဉ်းသရုပ်အားဖြင့် -</u>

| | | |
|---|---|---|
| ကာမာဝစရစိတ် | = | ၅၄-ပါး |
| ရူပါဝစရစိတ် | = | ၁၅-ပါး |
| အရူပါဝစရစိတ် | = | ၁၂-ပါး |
| လောကုတ္တရာစိတ်(အကျဉ်း) | = | ၈-ပါး |
| ပေါင်း စိတ်အကျဉ်း | = | ၈၉-ပါး ရှိသောကြောင့်- |

စိတ်ပေါင်း ၉၀-ထဲမှ တစ်ခုယုတ်လျော့နေသောစိတ်အကျဉ်း ၈၉-ပါးဟု သိစေလိုသော ကြောင့် "စိတ်တစ်ခုယုတ် ကိုးဆယ်"ဟူသောစကားသာ မှန်ပါသည်။

"စိတ်တစ်ခု ရုပ်ကိုးဆယ်"မမှန်ပါ။

==================================================================

**[၂၀၁၈-ခုနှစ်]**

**(၁) "စိတ်သာရှင်စောဘုရားပေါ"ဟု ပြောဆိုတတ်ကြရာ ထိုစိတ်အကျယ်မည်မျှရှိသည်ကိုဘုံစဉ် အလိုက် ရေတွက်ပြ၍၊ (က) အကြောင်းစိတ်၊ (ခ) အကျိုးစိတ်တို့ကိုလည်း သချာမှုဖော်ပြပါ။**

**စိတ်အကျယ်မည်မျှရှိသည်ကို ဘုံစဉ်အလိုက် ရေတွက်ပုံ-**

| | | |
|---|---|---|
| ကာမာဝစရစိတ် | = | ၅၄-ပါး |
| ရူပါဝစရစိတ် | = | ၁၅-ပါး |
| အရူပါဝစရစိတ် | = | ၁၂-ပါး |
| လောကုတ္တရာစိတ် | = | ၄၀-ပါး (အကျယ်) |
| ပေါင်းစိတ်အကျယ် | = | ၁၂၁-ပါး ဖြစ်ပါသည်။ |

<u>**ယင်းစိတ်တို့တွင် -**</u>

| | | |
|---|---|---|
| (က) အကြောင်းစိတ်ပေါင်း | = | (အကျယ်) ၄၉-ပါး |
| (ခ) အကျိုးစိတ်ပေါင်း | = | (အကျယ်) ၅၂-ပါး |

-----------------------------------------------------------------

**စိတ်အကျယ်(၁၂၁)ပါးတို့တွင် အာလမ္ဗဏဘေဒစိတ်** = အရူပါဝစရစိတ်(၁၂)ပါးကို-
ဇာတ်အားဖြင့် သဘောတူရာ ပေါင်းစပ်ကာ ရေတွက်ပြရသော်-

| | | |
|---|---|---|
| ကုသိုလ်စိတ် | = | ၄-ပါး |
| ဝိပါက်စိတ် | = | ၄-ပါး |
| ကြိယာစိတ် | = | ၄-ပါး |
| ပေါင်း အရူပါဝစရစိတ် | = | ၁၂-ပါး ဖြစ်ပါသည်။ |

---

(၂) **ချစ်သူကို လွမ်းဆွတ်တမ်းတ သတိရသဖြင့် "မြင်လည်း ဒီစိတ်၊ စားလည်း ဒီစိတ်"ဟု ပြောတတ်ကြရာ ထိုစကား မှန်/မမှန် အဘိဓမ္မာ အမြင်ဖြင့် ဖြေရှင်း၍၊ အကျဉ်းကို အကျယ်ချဲ့ ပိုထွက်မလာသောစိတ်တို့ကိုလည်း အဘိဓမ္မာသရုပ်ဖြင့် အဖြေထုတ်ပြပါ။**

**မြင်သောစိတ်** = ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်
**စားသောစိတ်** = ကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်

သို့ဖြစ်၍- ချစ်သူကို လွမ်းဆွတ်တမ်းတသတိရသဖြင့် "မြင်လည်း ဒီစိတ်၊ စားလည်းဒီစိတ်" ဟု စိတ်တစ်ခုတည်းအနေဖြင့် ပြောဆိုသော ထိုစကား မမှန်ပါ။

**<u>အကျဉ်းကို အကျယ်ချဲ့ ပိုထွက်မလာသောစိတ်တို့မှာ-</u>**

**[ ၂၀၁၃- ခုနှစ် နံပါတ် (၃) တွင်ကြည့်ပါ ]**

---

(၃) **မိမိအိမ်တွင် ကိုးကွယ်ထားသောမြတ်စွာဘုရားအား အကျိုးသိမြင်ဉာဏ်နှင့် ယှဉ်၍ နေ့စဉ် ရှိခိုးကြသော ဗုဒ္ဓဘာသာဝင်တို့အား ဖြစ်ခွင့်ရှိသမျှ မဟာကုသိုလ်စိတ်တို့ကို တစ်ပါးစီဖော်ပြ၍၊အရူပါဝစရစိတ်တို့ကို အဘယ်ကြောင့် အဘယ်ဝေဒနာ အဘယ်ဈာန်၌ ထည့်သွင်းရမည်ကိုလည်း ဖြေဆိုပါ။**

**မိမိအိမ်တွင် ကိုးကွယ်ထားသော မြတ်စွာဘုရားအား အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍ နေ့စဉ် ရှိခိုးကြသော ဗုဒ္ဓဘာသာဝင်တို့အား ဖြစ်ခွင့်ရှိသမျှ မဟာကုသိုလ်စိတ်တို့ကိုတစ်ပါးစီဖော်ပြရသော်-**

| | |
|---|---|
| (၁) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အ-သင်္ခါရိက မဟာကုသိုလ်စိတ် | = ၁-ပါး |
| (၂) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သ-သင်္ခါရိက မဟာကုသိုလ်စိတ် | = ၁-ပါး |
| (၃) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အ-သင်္ခါရိက မဟာကုသိုလ်စိတ် | = ၁-ပါး |
| (၄) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သ-သင်္ခါရိက မဟာကုသိုလ်စိတ် | = ၁-ပါး |
| ပေါင်း မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် | = ၄-ပါး |

**<u>အရူပါဝစရစိတ်သည်</u>** - ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်၍ ရူပါဝစရ ပဉ္စမဈာန်နှင့် ဈာန်အင်္ဂါချင်းတူသောကြောင့် -

| | | |
|---|---|---|
| ဈာန်အားဖြင့် | = | ပဉ္စမဈာန် |
| ဝေဒနာအားဖြင့် | = | ဥပေက္ခာဝေဒနာ၌ ထည့်သွင်းရေတွက်ရပါမည်။ |

---

**[၂၀၂၀ - ခုနှစ်]** စာမေးပွဲ မကျင်းပ ဖြစ်ပါ။

---

**[၂၀၂၁ ခုနှစ်]**

(၁) **"ထုတ်ပြန် အကြောင်သမားတွေမို့ တောင်သွားကြ သူထက်"ဟု ဆိုးမစကားရှိရာ ပရမတ်ပြန် အကြောင် သမားများမဖြစ်ရလေအောင် သိထားရမည့် ပရမတ္ထတရားများကို ရေတွက်၍၊ လူ၌ဖြစ်သော အကုသိုလ်စိတ်တို့တွင် (က) ဒေါသကြောင့်ဖြစ်သောစိတ်၊ (ခ) မောဟကြောင့်ဖြစ်သောစိတ် တို့ကိုလည်း တစ်ခုစီ ထုတ်ပြပါ။**

**"ပရမတ်ပြန် အကြောင်သမားတွေမို့ ထောင်လွှားကြ သူ့ထက်ငါ"ဟု ဆိုးမစကားရှိရာ ပရမတ်ပြန် အကြောင်သမားများ မဖြစ်ရလေအောင် သိထားရမည့် ပရမတ္ထတရားများမှာ-**

စိတ်၊ စေတသိက်၊ ရုပ်နှင့် နိဗ္ဗာန်တို့ဖြစ်ပါသည်။

**<u>(က) ဒေါသကြောင့် ဖြစ်သောစိတ်-</u>**

ဒေါမနဿသဟဂုတ်၊ ပဋိဃသမ္ပယုတ်၊ အသင်္ခါရိက ဒေါသမူစိတ် ၁-ပါး၊
ဒေါမနဿသဟဂုတ်၊ ပဋိဃသမ္ပယုတ်၊ သသင်္ခါရိက ဒေါသမူစိတ် ၁-ပါး။

**<u>(ခ) မောဟကြောင့် ဖြစ်သောစိတ်-</u>**

ဥပေက္ခာသဟဂုတ်၊ ဝိစိကိစ္ဆာသမ္ပယုတ်၊ မောဟမူစိတ် ၁-ပါး။
ဥပေက္ခာသဟဂုတ်၊ ဥဒ္ဓစ္စသမ္ပယုတ်၊ မောဟမူစိတ် ၁-ပါး။

---

(၂) **စာဖြေရှင်တို့နေထိုင်ရာ ဘုံ၌ာန၌ ရနိုင်သောစိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍၊သံဃာတော်များ ကြွလာသည်ကို မြင်ရာ၌ ကုသိုလ်ရသည်ဟူသော အသိဖြင့် လက်အုပ်ချီကာ မတ်တပ်ရပ်နေသူ၌ ရနိုင်သော ကုသိုလ်စိတ်တို့ကို တစ်ခုစီ ရွေးချယ်ပြပါ။**

**<u>စာဖြေရှင်တို့နေထိုင်ရာ ဘုံ၌ာန၌ ရနိုင်သောစိတ်အကျဉ်း-</u>**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂-ပါး |
| အဟိတ်စိတ် | = | ၁၈-ပါး |
| ကာမသောဘနစိတ် | = | ၂၄-ပါး |
| ပေါင်း ကာမာဝစရစိတ် | = | ၅၄-ပါး |

**သံဃာတော်များ ကြွလာသည်ကို မြင်ရာ၌ ကုသိုလ်ရသည်ဟူသော အသိဖြင့်လက်အုပ်ချီကာ မတ်တပ်ရပ်နေသူ၌ ရနိုင်သော ကုသိုလ်စိတ်မှာ-**

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါးမှ တစ်ပါးပါး။

**[ ၂၀၁၉-ခုနှစ်၊ နံပါတ် ၃-အဖြေ၌ ကြည့်ပါ။ ]**

---

(၃) **အရူပါဝစရစိတ်ကို ဈာန်ငါးပါးတို့တွင် အဘယ့်ကြောင့် အဘယ်ဈာန်၌ ထည့်သွင်းသည်ကို လမ်းညွှန်ပြ၍၊ လောကီနယ်ပယ်မှ အလွတ်ဖြစ်သောစိတ်သည် အကျယ်အားဖြင့် မည်မျှရှိသည်ကိုဈာန်အားဖြင့် ဝေဖန်ပြပါ။**

**<u>အရူပါဝစရစိတ်တို့သည် -</u>**

ရူပပဉ္စမဈာန်တို့နှင့် ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ (၂)ပါးခြင်းတူသောကြောင့် ပဉ္စမဈာန်၌ သွင်းယူအပ်၏။

<u>**လောကီမှ အလွတ်ဖြစ်သော စိတ်အကျယ် (၄၀) ရှိပါသည်။ ဈာန်အားဖြင့် ဝေဖန်ရလျှင် -**</u>

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ(၅)ပါးနှင့်တကွဖြစ်၍-

ပထမဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ် = ၈-ပါး

<u>**ဤသို့ ဈာန်အင်္ဂါလျော့၍-**</u>

| | |
|---|---|
| ဒုတိယဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ် | = ၈-ပါး |
| တတိယဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ် | = ၈-ပါး |
| စတုတ္ထဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ် | = ၈-ပါး |
| ပဉ္စမဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ် | = ၈-ပါး |
| ပေါင်း လောကုတ္တရာစိတ်အကျယ် | = ၄၀-ပါး ဖြစ်၏။ |

===========================================================================

## [၂၀၂၂- ခုနှစ်]

(၁) **ဘုံအပြားအားဖြင့် စိတ်အမည် ၄-မျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြခဲ့ပါ။**

**ဘုံအပြားအားဖြင့် စိတ်အမည် ၄-မျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြရလျှင်-**

**၁။** ကာမ (၁၁)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ်သည် **ကာမာဝစရစိတ်** မည်၏။

**၂။** အသညသတ်ကြဉ် ရူပ(၁၅)ဘုံ၌ များသောအားဖြင့်ကျင်လည်တတ်, ဖြစ်တတ်သော စိတ်သည် **ရူပါဝစရစိတ်** မည်၏။

**၃။** အရူပ (၄)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ်သည် **အရူပါဝစရစိတ်** မည်၏။

**၄။** ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သင်္ခါရလောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်မူ၍ ထွက်မြောက်ဆဲ, ထွက်မြောက်ပြီးဖြစ်သောကြောင့် **လောကုတ္တရာစိတ်** မည်၏။

---

(၂) **အောက်ပါအမည်များ၏ အဓိပ္ပါယ်ကို ဖြေဆိုခဲ့ပါ-**

**(က) သဟဂုတ်စိတ်** **(ခ) သမ္ပယုတ်စိတ်** **(ဂ) ဝိပ္ပယုတ်စိတ်**
**(ဃ) အ,သင်္ခါရိကစိတ်** **(င) သ, သင်္ခါရိကစိတ်**

<u>**(က) သဟဂုတ်စိတ်**</u> **=** ကာမာဝစရစိတ် (၅၄) ပါး၊

<u>**(ခ) သမ္ပယုတ်စိတ်**</u>

| | |
|---|---|
| ဒိဋ္ဌိဂတသမ္ပယုတ်စိတ် | - ၄ ပါး၊ |
| ပဋိဃသမ္ပယုတ်စိတ် | - ၂ ပါး၊ |
| ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | - ၁ ပါး၊ |
| ဥဒ္ဓစ္စသမ္ပယုတ်စိတ် | - ၁ ပါး၊ |
| ဉာဏသမ္ပယုတ်စိတ် | - ၁၂ ပါး၊ |
| သမ္ပယုတ်စိတ်ပေါင်း | - ၂၀ ပါး၊ |

<u>**(ဂ) ဝိပ္ပယုတ်စိတ်**</u>

| | |
|---|---|
| ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | - ၄ ပါး၊ |
| ဉာဏဝိပ္ပယုတ်စိတ် | - ၁၂ ပါး၊ |
| ဝိပ္ပယုတ်စိတ်ပေါင်း | - ၁၆ ပါး၊ |

ရူပါဝစရကုသိုလ်ပဉ္စမဈာန်စိတ်သည် ကုသိုလ်အဘိညာဉ်၊ ရူပါဝစရ ကြိယာပဉ္စမဈာန် စိတ်သည် ကြိယာအဘိညာဉ်၊ ထိုစိတ်နှစ်ပါး ပေါင်းသည်(အထူးသိစွမ်းနိုင်သော ရူပပဉ္စမဈာန်ဇော) များဖြစ်သောကြောင့် "အဘိညာဉ်ဒွေ" ဟုခေါ်၏။

---

**၃။ လောကုတ္တရာစိတ် အကျယ်(၄၀)ကို အကျဉ်းနည်းအားဖြင့် ရေတွက်ပြ၍၊ ပထမဈာန်စိတ် (၁၁)ပါးကို လည်းမမှားရအောင် ထုတ်ဆောင်ပြပါ။**

**လောကုတ္တရာစိတ် အကျယ်(၄၀)ကို အကျဉ်းနည်းအားဖြင့် ရေတွက်ပြရသော်–**

ပထမဈာန် လောကုတ္တရာစိတ် – ၈ပါး
ဒုတိယဈာန် လောကုတ္တရာစိတ် – ၈ပါး
တတိယဈာန်လောကုတ္တရာစိတ် – ၈ပါး
စတုတ္ထဈာန် လောကုတ္တရာစိတ် – ၈ပါး
ပဉ္စမဈာန် လောကုတ္တရာစိတ် – ၈ပါး
ပေါင်း–လောကုတ္တရာစိတ်အကျယ် –(၄၀)ပါး။

**ပထမဈာန်စိတ် (၁၁)ပါးကိုရေတွက်ပြခြင်း–**

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ(၅)ပါးနှင့် တကွဖြစ်သော– လောကီ ပထမဈာန် ကုသိုလ်စိတ် –၁ပါး၊ ဝိပါက်စိတ်–၁ပါး၊ ကြိယာစိတ်–၁ပါး ပေါင်း (၃)ပါးနှင့် လောကုတ္တရာ ပထမဈာန် စိတ် (၈)ပါး ပေါင်း ပထမဈာန်စိတ်(၁၁)ပါးဖြစ်ပါသည်။

===

**[၂၀၂၄– ခုနှစ်]**

**၁။ ဖောက်ပြန်မှုစုံ လောကဘုံဝယ် မဖောက်ပြန် မပြောင်းလဲသော သဘောတရားများကို အဓိပ္ပါယ်နှင့် တကွဖော်ပြ၍၊ အကုသိုလ်စိတ်တို့တွင် ဥပေက္ခာဝေဒနာဖြစ်သော စိတ်တို့ကိုလည်း သရုပ်ထုတ်ကာ ရေတွက်ပြခဲ့ပါ။**

**မဖောက်ပြန် မပြောင်းလဲသော သဘောတရားများမှာ–––**

၁။ စိတ်(၈၉)ပါး = အာရုံကိုသိတတ်သောသဘောတရား။
၂။ စေတသိက် (၅၂)ပါး = စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်တတ်သော သဘောတရား။
၃။ ရုပ်(၂၈)ပါး = အပူအအေးစသော ဆန့်ကျင့်ဖက် အကြောင်းတရားတို့ကြောင့် ရှေ့အစဉ်နှင့် နောက်အစဉ်မတူအောင် ပြောင်းလဲဖေါက်ပြန် တတ်သောတရား။
၄။ နိဗ္ဗါန် = တဏှာ ကုန်ခန်းခြင်းသဘော၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်း သဘောတရား။

**အကုသိုလ် စိတ်တို့တွင် ဥပေက္ခာဝေဒနာဖြစ်သော စိတ်တို့ကို သရုပ်ထုတ်ကာ ရေတွက်ပြရလျှင်–**

၁။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ် – ၁ ပါး။
၂။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ် – ၁ ပါး။
၃။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ် – ၁ ပါး။

၄။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ် – ၁ ပါး။
၅။ ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် – ၁ ပါး။
၆။ ဥပေက္ခာ သဟဂုတ် ဥဒ္ဒစ္စသမ္ပယုတ် မောဟမူစိတ် –၁ ပါး အားဖြင့်(၆)ပါး ဖြစ် ပါသည်။

---

**၂။ ယခုဖြေဆိုနေသော အဘိဓမ္မာစာမေးပွဲကို မည်သူမျှ မတိုက်တွန်းရဘဲ ဝမ်းမြောက်ဝမ်းသာ ဖြေဆိုနေသောစာဖြေသူတို့၏ သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်တို့ကို ရေတွက်ပြ၍၊ အကြောင်း, အကျိုးမှ လွတ်သောကာမာဝစရသောဘနစိတ်တို့ကိုလည်း သရုပ်ထုတ်ကာ ရေတွက်ပြခဲ့ပါ။**

**ယခုဖြေဆိုနေသော အဘိဓမ္မာစာမေးပွဲကို မည်သူမျှ မတိုက်တွန်းရဘဲ ဝမ်းမြောက်ဝမ်းသာ ဖြေဆိုနေသောစာဖြေသူတို့၏ သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်မှာ--**

၁။သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်(၁)ပါး။
၂။သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်(၁)ပါး။

**အကြောင်း, အကျိုးမှလွတ်သော ကာမာဝစရသောဘနစိတ်တို့ကိုလည်း သရုပ်ထုတ်ကာ ရေတွက်ပြ ရလျှင်--**

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်(၁)ပါး။
၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ်(၁)ပါး။
၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်(၁)ပါး။
၄။သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ်(၁)ပါး။
၅ ။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်(၁)ပါး။
၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ်(၁)ပါး။
၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်(၁)ပါး။
၈။ ဥပေက္ခာသဟဂုတ်ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ်(၁)ပါး အားဖြင့် – မဟာကြိယာ စိတ်**(၈)**ပါး ဖြစ်ပါသည်။

---

**၃။ ရူပဘုံ၌ ကျင်လည်တတ် ဖြစ်တတ်သော ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သော စိတ်တို့ကို ရေတွက်ပြ၍၊ ရူပါဝစရစိတ်(၅)ပါးစီ ပြားရခြင်းအကြောင်းကိုလည်း ရေးသားဖြေဆိုခဲ့ပါ။**

**ရူပဘုံ၌ ကျင်လည်တတ် ဖြစ်တတ်သော ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သော စိတ်တို့ကို ရေတွက်ပြလျှင်–**

- သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ (၂) ပါးနှင့်ယှဉ်သော စတုတ္ထဈာန် –
  (ကုသိုလ်၊ ဝိပါက်၊ကြိယာ) စိတ် **၃**–ပါး။
- ဥပေက္ခာ ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ(၂)နှင့် ယှဉ်သော ပဉ္စမဈာန်–
  ( ကုသိုလ်၊ ဝိပါက်၊ ကြိယာ)စိတ်**၃**–ပါး အားဖြင့် (၆)ပါးဖြစ်ပါသည်။

**<u>ရူပါဝစရစိတ်(၅)ပါးစီ ပြားရခြင်းအကြောင်းမှာ –</u>**

ဈာန်အင်္ဂါ ၅–ပါးရှိသော ပထမဈာန်စိတ်
ဈာန်အင်္ဂါ ၄–ပါးရှိသော ဒုတိယဈာန်စိတ်
ဈာန်အင်္ဂါ ၃–ပါးရှိသော တတိယဈာန်စိတ်

ဈာန်အင်္ဂါ ၂-ပါးရှိသော စတုတ္ထဈာန်စိတ်
ဈာန်အင်္ဂါ ၂-ပါးရှိသော ပဉ္စမဈာန်စိတ်
ဤသို့ ဈာန်အင်္ဂါ ယှဉ်ပုံ(၅)မျိုးပြားသောကြောင့် ရူပါဝစရစိတ် ၅-ပါးပြားရပါသည်။

---

**၄။ လောကမှ ထွက်မြောက်တတ်သော အကြောင်းတရားတို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍၊ ယင်းအကြောင်း တရားတို့၏အပါး(၂၀)ဖြစ်လာပုံကိုလည်း ဖြေဆိုခဲ့ပါ။**

**လောကမှ ထွက်မြောက်တတ်သော အကြောင်းတရားတို့ကို အကျဉ်းအားဖြင့် ရေတွက်ပြရလျှင်-**

၁။ သောတာပတ္တိမဂ်စိတ် -၁ ပါး၊
၂။ သကဒါဂါမိ မဂ်စိတ် -၁ ပါး၊
၃။ အနာဂါမိမဂ်စိတ် -၁ ပါး၊
၄။ အရဟတ္တမဂ်စိတ် -၁ ပါး၊ တို့ဖြစ်ပါသည်။

**ယင်းအကြောင်း တရားတို့၏အပါး(၂၀)ဖြစ်လာပုံ**

ပထမဈာန်နှင့် ယှဉ်သော မဂ် (၄)ပါး
ဒုတိယဈာန်နှင့် ယှဉ်သော မဂ် (၄)ပါး
တတိယဈာန်နှင့် ယှဉ်သော မဂ် (၄)ပါး
စတုတ္ထဈာန်နှင့် ယှဉ်သော မဂ် (၄)ပါး
ပဉ္စမဈာန်နှင့် ယှဉ်သော မဂ် (၄)ပါး

ဤသို့ မဂ်စိတ်(၄)ပါးကို ဈာန်(၅)မျိုးနှင့် မြောက်ပွါးခြင်းဖြင့် အပါး(၂၀) ဖြစ်လာရပါသည်။

---

## ၂၀၀၀-ခုနှစ်မှ ၂၀၂၄-ခုနှစ် အထိ
## သာသနာရေးဦးစီးဌာန အဘိဓမ္မာ (ရိုးရိုး)ပထမဆင့် "စိတ်ပိုင်း"
## မေးခွန်းဟောင်းများ နှင့် အဖြေ များပြီး၏